**Burma Democratic Futures Working Group - BDFWG**

**University of Virginia**

# စက်တင်ဘာလအတွင်း ဖြစ်ရပ်များ အကျဉ်းချုပ်သုံးသပ်ချက်

**September 2023**

## နိဒါန်း

၂၀၂၃ခုနှစ်၊ စက်တင်ဘာလအတွင်း စစ်ကောင်စီ၏ နိုင်ငံတကာဆက်ဆံရေးတွင် တရုတ်၊ ရုရှား နိုင်ငံတို့နှင့် ထိတွေ့ဆက်ဆံမှု ပိုမိုပြုလုပ်လာကြောင်း သတင်းများအရ တွေ့နိုင်ပါသည်။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၊ အာရှရေးရာအထူးကိုယ်စားလှယ် တိန့်ရှီကျွန်းနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၊ တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူး အပါအဝင် အခြားသောတရုတ် အစိုးရအရာရှိများနှင့် စစ်ကောင်စီ၏ အရာရှိများ တွေ့ဆုံခဲ့ကြသည်။ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံ ပူးတွဲဥက္ကဋ္ဌ အဖြစ် ဦးစီးကျင်းပနေသော အကြမ်းဖက်မှုတန်ပြန်စစ်ဆင်ရေး လေ့ကျင့်မှု ပြုလုပ်ခြင်း၊ ရုရှားအရှေ့ဖျား စီးပွားရေးဖိုရမ်သို့ စစ်ကောင်စီ၏ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကံဇော်တက်ရောက် ခြင်းနှင့် နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံသို့ သွားရောက်ခြင်း စသော ရုရှားနိုင်ငံနှင့် စစ်ကောင်စီတို့ကြား ခပ်စိပ်စိပ်ထိတွေ့ဆက်ဆံမှုများကို စက်တင်ဘာလအတွင်း တွေ့ရှိ ခဲ့ရသည်။

စစ်ကောင်စီအဖွဲ့အတွင်း ဗိုလ်ချုပ်ကြီးနှစ်ဦးကို အဖွဲ့ဝင်အဖြစ်မှ ဖြုတ်၍ အရေးယူမှုများလည်း ထူးထူးခြားခြားဖြစ်လာခဲ့သည်။ ပို၍ ထားခြားသည်မှာ စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင် လှိုင် ၏ အားကိုးမှုအရှိဆုံးနှင့် ယုံကြည်မှုရထားသော ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းကို အဂတိလိုက်စားမှု များဖြင့် အရေးယူလိုက်ခြင်းဖြစ်သည်။ ထို့ပြင် စစ်ကိုင်းတိုင်း၊ ကချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း တို့တွင် စစ်ကောင်စီနှင့် တော်လှန်ရေးအင်အားစုများ အကြား ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့ပြီး၊ စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများသည်လည်း အပြင်းအထန်ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပါသည်။

## ၁။ စစ်ကောင်စီနှင့် တရုတ်နိုင်ငံကြား ဆက်ဆံရေးအရှိန်မြှင့်လာ

တရုတ်နိုင်ငံ၏ အရာရှိများသည် နေပြည်တော်သို့ လာရောက်၍ စစ်ကောင်စီအရာရှိများနှင့် တွေ့ဆုံ ခဲ့ကြသည်။ တရုတ်နိုင်ငံ၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်းသည် နေပြည်တော်သို့ လာရောက်၍ စစ်ကောင်စီနိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေနှင့် တွေ့ဆုံခဲ့ခြင်း၊ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်၊ တောင်ပိုင်းစစ်နယ် ဝန်းကွပ်ကဲမှုဌာနချုပ် ဒုတိယဌာနချုပ်မှူး Vice Admiral Liu Zizhu နှင့် စစ်ကောင်စီ၏ ကြည်း၊ ရေ၊ လေ ညှိနှိုင်းကွပ်ကဲရေးမှူး ဗိုလ်ချုပ်ကြီးမောင်မောင်အေးတို့

တွေ့ဆုံခြင်းနှင့် စစ်ကောင်စီ၏ လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးမြင့်ကြိုင်သည် တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့၌ တရုတ်အမျိုးသား လူဝင်မှုကြီးကြပ်ရေးဌာန ဒုဝန်ကြီး မစ္စတာ ရှုဂေါင်လု နှင့်တွေ့ဆုံခြင်းတို့သည် ထူးခြားသောထိတွေ့ဆက်ဆံမှုများ ဖြစ်ပါသည်။

တရုတ်နိုင်ငံ၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်းသည် လွန်ခဲ့သောတလကျော် ကာလအတွင်း မြန်မာနိုင်ငံသို့ ၂ ကြိမ်အထိ လာရောက်ခဲ့ပါသည်။ လွန်ခဲ့သော ဇူလိုင်လ (၂၈) ရက်နေ့၊ စစ်ကောင်စီ၏ အရေးအပေါ်အခြေအနေကာလ ထပ်မံသက်တမ်းမတိုးမီ ၃ ရက်အလိုတွင် တကြိမ်နှင့် စက်တင်ဘာလ (၁၈)ရက်နေ့တွင် တကြိမ် လာရောက်ခဲ့ပါသည်။ ယခုအကြိမ်လာရောက်သည့်ကာလသည် ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နေရာအတွက် လက်ရှိတာဝန်ယူနေသော ဦးကျော်မိုးထွန်းနှင့် စစ်ကောင်စီကအပြိုင်တင်သွင်းမည့် ကိုယ်စားလှယ်တို့အကြား မြန်မာနိုင်ငံကိုယ်စားပြုခွင့် မည်သူရရှိမည်ဆိုသည်ကို ကုလသမဂ္ဂအရည်အချင်းစစ်ကော်မတီက ဆုံးဖြတ်ချက်ချမည့် အချိန်နှင့် တိုက်ဆိုင်နေပါသည်။ စစ်ကောင်စီ၏နိုင်ငံခြားရေးဝန်ကြီးဌာနကမူ “နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုး ပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်း ဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘောဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြောင်း” သတင်းထုတ်ပြန်ထားပါသည်။

မြန်မာစစ်တပ်အာဏာသိမ်းချိန်မှစ၍ တရုတ်နိုင်ငံသည် စစ်ကောင်စီနှင့်ဆက်ဆံရေးကို သတိနှင့်ဆက်ဆံနေပါသည်။ စစ်ကောင်စီနှင့်ထိတွေ့ဆက်ဆံရာ၌ တရုတ်အစိုးရဘက်မှ ကိုယ်စားလှယ်များထဲတွင် နိုင်ငံတော်အဆင့်ဝန်ကြီးများပါဝင်ခြင်းမရှိဘဲ တဆင့်နိမ့်သောအရာရှိများနှင့်သာ စစ်ကောင်စီ၏အဆင့်မြင့်အရာရှိများနှင့် ထိတွေ့ဆက်ဆံကြခြင်းဖြစ်ပါသည်။ တဖက်တွင် တရုတ်နိုင်ငံ၏အကျိုးစီးပွားများအတွက် စစ်ကောင်စီနှင့် ဆက်ဆံရေးအဆင်ပြေရန် လိုအပ်သလို၊ အခြားတဖက်တွင်လည်း စစ်ကောင်စီနှင့် စစ်ရေးပဋိပက္ခများ အပြင်းအထန်ဖြစ်နေကြသေ တော်လှန်ရေးအင်အားစုများ၊ မြန်မာပြည်သူများနှင့် ဆက်ဆံရေးကျိုးပျက်မသွားစေရန် ထိန်းသိမ်းလိုသည့် သဘောရှိနေပါသည်။ မြန်မာ့နိုင်ငံရေးပြဿနာကို ပြည်တွင်းရေးပြဿနာအဖြစ် တရုတ်နိုင်ငံက မှတ်ယူထားပြီး၊ နိုင်ငံတကာ၏ကြားဝင်မှုကို တရုတ်နိုင်ငံက အလိုမရှိပေ။ ထိုသဘောထားအပေါ်အခြေခံ၍ တရုတ်နိုင်ငံ၏မြန်မာအရေးမူဝါဒကို ပုံဖော် တည်ဆောက် ထားပုံရပါသည်။ မြန်မာ့နိုင်ငံရေးအင်အားစုများအကြား မျှခြေဆက်ဆံရေးကို တည်ဆောက်နေပြီး၊ တဖက်တွင်လည်း အဓိကအင်အားစုဖြစ်သော မြန်မာစစ်တပ်နှင့်ဆက်ဆံရေးကို အတိုင်းအတာတခုအထိ ထိန်းသိမ်းထားရန်

မှုဝါဒရှိနိုင်ပါသည်။ မြန်မာနိုင်ငံအတွင်း တည်ငြိမ်မှုရှိမှသာ တရုတ်၏ အကျိုးစီးပွားများ ကောင်းစွာ ဆောင်ရွက်နိုင်မည်ဖြစ်သလို၊ မြန်မာပြည်တွင်းရှိ မည်သည့်အင်အားစုကမှ တရုတ်နိုင်ငံ၏အကျိုး စီးပွားများကို မဖျက်ဆီး၊ အနှောင့်အယှက်၊ မဟန့်တားရေးသည် တရုတ်နိုင်ငံ၏ အဓိကဦးတည်ချက် ဖြစ်နိုင်ပါသည်။

https://burma.irrawaddy.com/news/2023/09/19/374477.html

https://www.mofa.gov.mm/%e1%80%92%e1%80%af%e1%80%90%e1%80%ad%e1%80%9a%e1%80%9d%e1%80%94%e1%80%ba%e1%80%80%e1%80%bc%e1%80%ae%e1%80%b8%e1%80%81%e1%80%bb%e1%80%af%e1%80%95%e1%80%ba%e1%80%94%e1%80%be%e1%80%84%e1%80%b7%e1%80%ba-3/

https://www.mofa.gov.mm/%e1%80%92%e1%80%af%e1%80%90%e1%80%ad%e1%80%9a%e1%80%9d%e1%80%94%e1%80%ba%e1%80%80%e1%80%bc%e1%80%ae%e1%80%b8%e1%80%81%e1%80%bb%e1%80%af%e1%80%95%e1%80%ba%e1%80%94%e1%80%be%e1%80%84%e1%80%b7-10/

https://www.bbc.com/burmese/articles/cv23ve2j4v1o

## ၂။ ရုရှားနှင့် ကဏ္ဍစုံဆက်ဆံရေး ပိုမိုတိုးတက်လာနေသော စစ်ကောင်စီ

စက်တင်ဘာလအတွင်း စစ်ကောင်စီနှင့် ရုရှားနိုင်ငံအကြား ဆက်ဆံရေးမှာ စီးပွားရေး၊ သံတမန်ရေး နှင့် စစ်ရေးနယ်ပယ်များအထိ ရှိလာပါသည်။ စစ်ကောင်စီ၏ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကံဇော်သည် စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၃ ရက်နေ့အထိ ရုရှားနိုင်ငံ၌ ကျင်းပသော ရုရှားအရှေ့ဖျားစီးပွားရေးဖိုရမ်တွင် တက်ရောက်နေပြီး၊ ကမ္ဘာ့ဘဏ္ဍာရေးစနစ်ထဲ၌ ဒဏ်ခတ်ပိတ်ဆို့မှုများ ခံနေကြရသော မြန်မာ နှင့် ရုရှားနိုင်ငံတို့၏ နှစ်နိုင်ငံငွေကြေးများကို တိုက်ရိုက်ဖလှယ်သုံးနိုင်မည့် လမ်းကြောင်းကို စတင်ဖို့အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ရုရှားမီဒီယာနှင့်တွေ့ဆုံချိန်တွင် ၎င်းက ပြောကြားခဲ့သည်။ ဒေါ်လာကိုမှီခိုနေရသည့် ငွေပေးချေစနစ်အစား ရုရှားငွေဖြင့် တိုက်ရိုက်ပေးချေနိုင်မည့် ရုရှားငွေပေးချေစနစ် မီယာ (MIR) နှင့် မြန်မာငွေပေးချေစနစ် MPU တို့ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်နေကြသည်။ ဤအစီအစဉ်ကြောင့် နှစ်နိုင်ငံလုံးက ၎င်းတို့၏ငွေပေးချေစနစ်၌ ဒေါ်လာအပေါ် မှီခိုနေရမှုကိုလည်း လျှော့ချနိုင်မည်ဟု မျှော်လင့်နေကြသည်။

ယခုလအတွင်း ရုရှားနှင့်မြန်မာ(စစ်ကောင်စီ)ပူးတွဲဥက္ကဋ္ဌအဖြစ် ဦးစီးကျင်းပနေသော အကြမ်းဖက်မှု တန်ပြန်စစ်ဆင်ရေးလေ့ကျင့်ခန်းသည်လည်း ရုရှား-မြန်မာ(စစ်ကောင်စီ)ဆက်ဆံရေး၌ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ထိုစစ်ရေးလေ့ကျင့်မှုကို ရုရှားနိုင်ငံ၌ စက်တင်ဘာလ ၂၅ ရက်ကနေ လာမယ့် ၃၀ ရက်နေ့အထိ ငါးရက်ကြာ ကျင်းပခဲ့ပါသည်။ ဤစစ်ရေးလေ့ကျင့်မှုသို့ စင်ကာပူနိုင်ငံမှလွဲ၍ ကျန်အာဆီယံနိုင်ငံများ

ပါဝင်တက်ရောက်ကြပြီး၊ အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ဩစတေးလျကဲ့သို့ ဆွေးနွေးဖက်နိုင်ငံများက ဆွေးနွေးဖက်နိုင်ငံအများစုတော့ တက်ရောက်ခြင်းမရှိခဲ့ကြပါ။

ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလတ်ဗ်ရော့၏ ဖိတ်ကြားချက်အရ စစ်ကောင်စီ၏ နိုင်ငံခြားရေးဝန်ကြီးဦးသန်းဆွေဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံသို့ စက်တင်ဘာလ ၁၂ ရက်နေ့တွင် သွားရောက်ခဲ့ကြသည်။ ထိုခရီးစဉ်တွင် မြန်မာနှင့် ရုရှားနိုင်ငံ ဆက်ဆံရေးသည် အကောင်းဆုံးတည်ဆောက်နိုင်တဲ့ကာလဖြစ်ကြောင်း ထုတ်ဖော်ပြောထားခဲ့သလို၊ စစ်လက်နက်အတွက်သာ အဓိကဆက်ဆံခဲ့သော နှစ်နိုင်ငံသည် ယခုနှစ်တွင် ခရီးသွားလုပ်ငန်းတိုးမြှင့်ခြင်းအပါအဝင် စိုက်ပျိုးရေး၊ သတ္တု၊ စက်မှု၊ လျှပ်စစ်၊ စွမ်းအင်၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင်ပါ ပူးပေါင်းဆောင်ရွက်နေကြောင်းလည်း စစ်ကောင်စီက ထုတ်ဖော်ပြောကြားထားခဲ့သည်။

ရုရှားနိုင်ငံနှင့်ဆက်ဆံရေး တိုးမြှင့်နိုင်ခြင်းသည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ ကျဆုံးနေသော စစ်ကောင်စီအတွက် အထူးဆုလာဘ်ကြီးဖြစ်နေပါသည်။ အာဆီယံအဖွဲ့တွင်းလည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂတွင်လည်းကောင်း၊ အနောက်နိုင်ငံများနှင့်လည်းကောင်း သံတမန်ဆက်ဆံရေးကျဆင်းနေပြီး၊ နိုင်ငံတကာအသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်ခြင်းမရှိဘဲ အထီးကျန်နေသောစစ်ကောင်စီ၏ သံတမန်ဆက်ဆံရေးကဏ္ဍတွင် ရုရှားနိုင်ငံနှင့်ဆက်ဆံရေးပိုမိုတိုးတက်ပြီး၊ နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်နိုင်ရေးမှာ အရေးအကြီးဆုံးဖြစ်ဖွယ်ရှိပါသည်။ အာဏာသိမ်းပြီးနောက် စစ်ကောင်စီအတွက် တရုတ်နိုင်ငံနှင့်ဆက်ဆံရာတွင် ရုရှားနိုင်ငံနှင့်ဆက်ဆံခြင်းကဲ့သို့အဆင်ပြေချောမွေ့ခြင်းမရှိလှဘဲ၊ တရုတ်နိုင်ငံ၏အဆင့်မြင့် ခေါင်းဆောင်များနှင့် စစ်ကောင်စီ၏အဆင့်မြင့်ခေါင်းဆောင်များကြား တိုက်ရိုက်ထိတွေ့ဆက်ဆံမှုမှာ တာဝန်မှရပ်စဲခံလိုက်ရသော တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာရှင်ကျန်း နေပြည်တော်သို့ လာရောက်စဉ်က တကြိမ်သာ ရှိခဲ့ပါသည်။ သို့သော် ရုရှားအဆင့်မြင့်ခေါင်းဆောင်များနှင့်မူ စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အပါအဝင် ၎င်း၏အဆင့်မြင့်ခေါင်းဆောင်များ မကြာခဏထိ တွေ့ဆက်ဆံနေကြပါသည်။

https://www.bbc.com/burmese/media-66953890

https://www.mofa.gov.mm/%e1%80%94%e1%80%ad%e1%80%af%e1%80%84%e1%80%ba%e1%80%84%e1%80%b6%e1%80%81%e1%80%bc%e1%80%ac%e1%80%b8%e1%80%9b%e1%80%b1%e1%80%b8%e1%80%9d%e1%80%94%e1%80%ba%e1%80%80%e1%80%bc%e1%80%ae%e1%80%b8-100/

https://www.mofa.gov.mm/%e1%80%92%e1%80%af%e1%80%90%e1%80%ad%e1%80%9a%e1%80%9d%e1%80%94%e1%80%ba%e1%80%80%e1%80%bc%e1%80%ae%e1%80%b8%e1%80%81%e1%80%bb%e1%80%af%e1%80%95%e1%80%ba%e1%80%94%e1%80%be%e1%80%84%e1%80%b7%e1%80%ba-9/

https://www.bbc.com/burmese/articles/clk1w4y4mwxo

### ၃။ စစ်ကောင်စီအဖွဲ့ဝင်များထဲမှ ဒုတိယဗိုလ်ချုပ်ကြီးနှစ်ဦး ရာထူးမှဖယ်ရှားခံရ

စက်တင်ဘာလအတွင်း စစ်ကောင်စီအဖွဲ့ဝင်များထဲမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းတို့ကို ထုတ်ပယ်၍ စစ်ကောင်စီကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်အား ထုတ်ပယ်ခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းမိသားစုဝင်များ အဂတိလိုက်စားမှုများများကြောင့်ဟု ပြောဆိုနေကြသော်လည်း တိကျခိုင်လုံသောသတင်းများထွက်မလာခဲ့ပေ။ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းအား ထုတ်ပယ်ခဲ့ခြင်းသည် အဂတိလိုက်စားမှုကြောင့်ဖြစ်ကြောင်း ခိုင်လုံသောသတင်းများ ထွက်ပေါ်လာခဲ့သည်။ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းသည် စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အထူးယုံကြည်အားထားသူအဖြစ် လူသိများပါသည်။ ထို့ကြောင့်လည်း ၎င်းအား စစ်ကောင်စီအတွက် အရေးပါသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ကုန်သွယ်မှုနှင့် ကုန်သွယ်စီးဆင်းမှုမြန်ဆန်လွယ်ကူစေရေးကော်မတီနှင့် နိုင်ငံခြားသုံးငွေကြေးကြပ်ရေးကော်မတီတို့ကို ဦးဆောင်စေခဲ့သည်။ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည်လည်း စစ်ကောင်စီခေါင်းဆောင် အားထားရသူဖြစ်ကာ ပြည်ထဲရေးဝန်ကြီးဌာနကို ကိုင်တွယ်ခဲ့သူဖြစ်ပါသည်။ ၎င်းတို့နှစ်ဦးနေရာ၌ ကြည်း၊ ရေ၊ လေ ညှိနှိုင်းကွပ်ကဲရေးမှူး ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဒုဗိုလ်ချုပ်ကြီး ညိုစောတို့ဖြင့် အစားထိုးလိုက်ကြောင်း စစ်ကောင်စီက ကြေညာခဲ့သည်။

စစ်ကောင်စီအဖွဲ့တွင်း ဒုတိယဗိုလ်ချုပ်ကြီး နှစ်ဦးအထိ အရေးယူခံခဲ့ရခြင်းသည် မည်သည့်အတွက်ကြောင့်ဖြစ်စေ စစ်ကောင်စီအဖွဲ့ကိုယ်၌က အားနည်းချက်များရှိနေပြီဟု သုံးသပ်ကြသည်များရှိပါသည်။ စစ်ကောင်စီအဖွဲ့တွင်းတွင်လည်း ပြဿနာများရှိနေပြီး စစ်ကောင်စီအားနည်းနေပြီဖြစ်ကြောင်း တချို့က သုံးသပ်ကြပါသည်။ နိုင်ငံရေးလေ့လာသူတဦးက "မိုးမြင့်ထွန်းကိုဖယ်ပြီး စီးပွားရေးတလျှောက်လုံးကိုင်လာတဲ့ ညိုစောကို တာဝန်ပေးလို့မရတာ ဒီအုပ်စုထဲမှာ အကျပ်အတည်း၊ အပြန်အလှန် အားပြိုင်တာတွေကြောင့်ဖြစ်မယ်လို့ ယူဆရတယ်။ ဒါကြောင့် မြထွန်းဦး နေရာရလာတာလို့ ပြောလို့ရတယ်။ စစ်အုပ်စုအခြေအနေက အာဏာသိမ်းစကလိုတော့ စည်းလုံးညီညွတ်မှုမရှိဘူး။ သူတို့အတွင်းမှာ ပဋိပက္ခတွေ စပြီးတော့ဖြစ်နေပြီ။ အဲဒီအခြေအနေကိုတော့ မပြတ်စောင့်ကြည့်ဖို့ လိုလိမ့်မယ်ထင်ပါတယ်" ဟု ဆိုသည်။

https://burma.irrawaddy.com/article/2023/09/30/374900.html

https://burma.irrawaddy.com/news/2023/09/14/374306.html

https://burma.irrawaddy.com/news/2023/09/26/374753.html

### ၄။ ရိုဟင်ဂျာ ဒုက္ခသည် စခန်းများက ဖြစ်ပွားလာနေသော လူကုန်ကူးမှု

ရခိုင်ပြည်နယ်၊ စစ်တွေ၊ ပေါက်တော၊ ဘူးသီးတောင်၊ ရသေ့တောင် စသည့် မြို့နယ်များရှိ ရိုဟင်ဂျာ ဒုက္ခသည်စခန်းများတွင် လူကုန်ကူးမှုများ ပိုမိုဖြစ်ပွားလာနေပါသည်။ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အတွက် ပြည်ပနိုင်ငံများသို့ ထွက်ခွာမှုမြင့်တက်နေချိန်တွင် အကြောင်းအမျိုးမျိုးဖြင့် လူကုန်ကူးမှုများ များပြားလာနေခဲ့ပါသည်။ လူကုန်ကူးမှုများအပြင် ပြန်ပေးဆွဲမှုများပါ ကျူးလွန်လာကြသည့်အတွက် ရိုဟင်ဂျာ ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များအရေးမှာ စိုးရိမ်ဖွယ်အခြေအနေဖြစ်နေပါသည်။

https://www.bbc.com/burmese/media-66780297

**၅။ အွန်လိုင်းငွေလိမ်လုပ်ငန်း လုပ်ကိုင်တဲ့တရုတ်များကို ဖမ်းဆီး**

https://www.bbc.com/burmese/articles/cp06l4z26g7o

မြန်မာ-တရုတ်နယ်စပ်မြို့ဖြစ်သော လောက်ကိုင်မြို့၌ အွန်လိုင်းငွေလိမ်လုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသား ၃၇၇ ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ကာစီနိုရော၊ အွန်လိုင်းငွေလိမ်လုပ်ငန်းများပါရှိ နေသည်ဟုနာမည်ကြီးသော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့တွင် ယခုကဲ့သို့ တရုတ်နိုင်ငံသားရာဂဏန်းကို ဖမ်းဆီးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပါသည်။ စက်တင်ဘာလဆန်းက ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်(UWSA) က "ဝ" ဒေသထဲက အွန်လိုင်းငွေလိမ်လုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသား ၁၂၀၇ ဦးကို တရုတ်နိုင်ငံသို့ လွှဲပေးခဲ့ပြီး၊ မြန်မာဘက်မှ အများဆုံးလွှဲပေးမှု ဖြစ်ပါသည်။

တရုတ်အစိုးရအနေနဲ့ စစ်ကောင်စီကိုရော နယ်စပ်က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကိုပါ အွန်လိုင်းငွေလိမ်လုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသားများကို ဖမ်းဆီးပေးဖို့ အဆက်မပြတ်ဖိအားပေးနေ ပါသည်။ တရုတ်သံတမန်များအနေဖြင့်လည်း စစ်ကောင်စီနှင့်တွေ့ဆုံကြရာတွင် နယ်စပ်ဖြတ်ကျော် မှုခင်းများကိစ္စ၊ မြန်မာနိုင်ငံတ

စစ်ကောင်စီ၏ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း အွန်လိုင်းငွေလိမ်လုပ်ငန်းလုပ်ကိုင်သူ တရုတ်နိုင်ငံသား များကို ဖမ်းဆီးလွှဲပြောင်းပေးနေပြီး တရုတ်နိုင်ငံသား ၂၄ ဦးကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တဆင့် တရုတ်ရဲတပ်ဖွဲ့ဆီ လွှဲပြောင်းပေးခဲ့ကြောင်း တရုတ်သံရုံးက ဩဂုတ်လကုန်တွင် ထုတ်ပြန်ခဲ့ဖူးသည်။

**စစ်ရေးပဋိပက္ခများ**

စက်တင်ဘာလအတွင်း စစ်ကောင်စီနှင့်တော်လှန်ရေးအင်အားစုများအကြား စစ်ရေးပဋိပက္ခများ ပြင်းထန်ခဲ့ကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စစ်ကောင်စီတပ်များနှင့် တအာင်းလွတ်မြောက်ရေး တပ်မတော် (Taang National Liberation Army - TNLA)တို့အကြား တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့ သည်။ ထို့ပြင် ကချင်ပြည်နယ်၌ စစ်ကောင်စီတပ်များနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (Kachin Independent Army – KIA) တို့အကြား တိုက်ပွဲများသည်လည်း ခပ်စိပ်စိပ် ဖြစ်လာခဲ့ပါသည်။ KIA ဗဟိုဌာန ချုပ်နယ်မြေဖြစ်သော လိုင်ဇာမြို့အနီးပတ်ဝန်းကျင်တွင် စစ်ကောင်စီတပ်က အင်အားဖြည့်တင်းမှုများလုပ် ဆောင်နေပြီး တိုက်ပွဲများလည်း မကြာခဏဖြစ်ပွားလာခဲ့သည်။

စစ်ကိုင်းတိုင်းနှင့်ကယားပြည်နယ်တို့တွင်းလည်း တော်လှန်ရေးအင်အားစုများနှင့် စစ်ကောင်စီတပ်များအကြား တိုက်ပွဲများမှာ အဆက်မပြတ်ဖြစ်နေခဲ့ပါသည်။ စစ်ကိုင်းတိုင်းအတွင်း ကလေးမြို့နယ်၌ ဖြစ်ပွားခဲ့သော တိုက်ပွဲမှာ ပြင်းထန်ခဲ့ပြီး နှစ်ဘက်အကျအဆုံးရှိခဲ့ကြသည်။ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ကယားပြည်နယ်တို့သည် တိုက်ပွဲဖြစ်ပွားမှုအကြိမ်ရေ အများဆုံးဖြစ်ခဲ့ပြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင်းလည်း တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။

**Data of Myanmar Conflict September 2023 Total**

| States | Clashes between SAC and PDF/EA Os | SAC's soldiers killed | PDF killed | Children killed | Civilians killed | Civilians arrested | Villages set on fire | Houses burned down |
|---|---|---|---|---|---|---|---|---|
| BAGO | 19 | 99 | 3 | 1 | 11 | | 3 | 64 |
| CHIN | 3 | | | | | | | |
| KACHIN | 14 | 17 | | | 1 | 80 | 1 | 113 |
| KAYAH | 3 | 40 | | | 1 | | | |
| KAYIN | 9 | 44 | 2 | 4 | 3 | 2 | | |
| MAGWAY | 16 | 67 | | | 6 | 8 | 1 | 14 |
| MANDALAY | 19 | 65 | | 1 | 9 | 133 | 1 | 35 |
| MON | 9 | 35 | 3 | | | 13 | | |
| RAKHINE | | | | | | 1 | | |
| SAGAING | 54 | 228 | 36 | | 45 | 143 | 5 | 91 |
| SHAN (North) | 12 | 2 | | | 2 | | | |
| SHAN (South) | 3 | 10 | | | | | | |
| TANINTHARYI | 20 | 76 | 8 | | 6 | 111 | 1 | 26 |
| YANGON | 1 | 1 | | | | 17 | | |
| TOTAL | 182 | 684 | 52 | 6 | 84 | 508 | 12 | 343 |

https://www.bbc.com/burmese/media-66848135

https://www.bbc.com/burmese/articles/c97qdvne9y4o

https://web.facebook.com/photo?fbid=368622248820973&set=pcb.368624765487388&locale=hi_IN

## လူ့အခွင့်အရေးချိုးဖောက်မှုများ

စစ်ကောင်စီနှင့် ၎င်း၏တပ်များသည် ယနေ့အချိန်ထိ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေဆဲဖြစ်ပါသည်။ စက်တင်ဘာလအတွင်း စစ်ကောင်စီတပ်က ဖမ်းဆီးသွားပြီး ၁၀ ရက်အကြာတွင် ရိုက်နှက်စစ်ဆေးမှုကြောင့် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်မှ လုပ်ငန်းရှင်ဦးမိုးကျော်၏ ဇနီးဒေါ်ခင်မာဆွေဆိုသူ သေဆုံးသွားခဲ့ရသည်။

စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်နှင့် မြင်းမူမြို့နယ် ကြော့မင်းရွာနှင့် ခြေရာတော်ရွာတို့၌ စက်တင်ဘာလ ၂၂ ရက်နေ့က ဒေသခံကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံရွာသူရွာသားများအပါအဝင် လူ ၂၇ ဦးကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက အစုလိုက်အပြုံလိုက် သတ်ဖြတ်သွားခဲ့ကြသည်။ ထို့ပြင် စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်၊ ညောင်ကုန်းရွာတွင်လည်း ဒေသခံကာကွယ်ရေးအဖွဲ့ဝင် (၃)ဦးကို ဖမ်းဆီးခဲ့ပြီး၊ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဖြတ်တောက်၍ သတ်ဖြတ်ခဲ့ပါသည်။ စစ်ကောင်စီတပ်များက ဖြတ်တောက်ထားသော ခန္ဓာကိုယ်အစိတ်အပိုင်းများကိုလည်း ရွာရှိ လမ်းများပေါ်၌ စွန့်ပစ်ထားခဲ့ကြသည်။ စစ်ကောင်စီတပ်များသည် လူမဆန်သော၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော စစ်ရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်းနေဆဲဖြစ်ပါသည်။

| Data of Myanmar Conflict September 2023 Total | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EA Os** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **BAGO** | 19 | 99 | 3 | 1 | 11 | | 3 | 64 |
| **CHIN** | 3 | | | | | | | |
| **KACHIN** | 14 | 17 | | | 1 | 80 | 1 | 113 |
| **KAYAH** | 3 | 40 | | | 1 | | | |
| **KAYIN** | 9 | 44 | 2 | 4 | 3 | 2 | | |
| **MAGWAY** | 16 | 67 | | | 6 | 8 | 1 | 14 |
| **MANDALAY** | 19 | 65 | | 1 | 9 | 133 | 1 | 35 |
| **MON** | 9 | 35 | 3 | | | 13 | | |
| **RAKHINE** | | | | | | 1 | | |
| **SAGAING** | 54 | 228 | 36 | | 45 | 143 | 5 | 91 |
| **SHAN (North)** | 12 | 2 | | | 2 | | | |
| **SHAN (South)** | 3 | 10 | | | | | | |
| **TANINTHARYI** | 20 | 76 | 8 | | 6 | 111 | 1 | 26 |
| **YANGON** | 1 | 1 | | | | 17 | | |
| **TOTAL** | 182 | 684 | 52 | 6 | 84 | 508 | 12 | 343 |

https://www.bbc.com/burmese/media-66965938

**https://www.bbc.com/burmese/articles/cp06l4z26g7o**

**https://www.bbc.com/burmese/articles/c2vjy1q0xjpo**